# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၁၅)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၁၁-၇-၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်မွေးဖွား

နေပြည်တော် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာနေ ဒေါ်ပပလှိုင် အသက် ၃၂ နှစ်သည် သားဦးအမြွှာ ကိုယ်ဝန်ဖြင့် လှည်းကူးမြို့ ပြည်သူ့ဆေးရုံ၌ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလ (၃၂) ပတ်ကျော်ချိန်တွင် ရေမြွှာပေါက်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် လှည်းကူးမြို့ ပြည်သူ့ဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ် ဆေးရုံတက်ရောက်ခဲ့ပြီး ယင်းနေ့ည ၇ နာရီ ၅ မိနစ်တွင် ရင်ချင်းဆက်အမြွှာ မိန်းကလေးနှစ်ဦး (ဝမ်းဗိုက်နေရာမှ ဆက်နေသော

စာမျက်နှာ ၄ သို့ ❐





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၁၀

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❖

## ယနေ့ဖတ်စရာ အညွှန်း


**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ ၆

နည်းပြ ဘင်နီတက်ဇ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် စကော့တလန်အသင်း ဆွေးနွေး

စာမျက်နှာ ၁၁

**ဝါဆိုလမြတ်ရောက်လာလတ်သော် (ဆောင်းပါး)**

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၁၈ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၄ သို့ ❊



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၇-၂၀၂၆ ရက်နေ့မှ ၁၄-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

## လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်ကို တည်ဆောက်စို့

၂၀၂၆ခုနှစ်၊ ဇူလိုင် (၁၁) ရက်သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို သတ်မှတ်ရာတွင် အချိန်ကာလအလိုက်ဖြစ်ပေါ်နေသည့် လူဦးရေနှင့်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအပေါ် အခြေခံသတ်မှတ်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က သတ်မှတ်ထားသည့် ဆောင်ပုဒ်ပါအချက်အလက်များကိုအခြေခံ၍ ယခုနှစ်တွင် လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်ကို တည်ဆောက်စို့ ဟု သတ်မှတ်ခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သည့် ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

ယခင်က ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာနှင့်ချီကာ ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့်အဆင့်မြင့်ဆေးဝါးများ၊ အဆင့်မြင့်နည်းပညာများကြောင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လူဦးရေ လျင်မြန်စွာတိုးပွားနေခြင်းကြောင့် နောက်ဆက်တွဲ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရသည်။

ကမ္ဘာ့နိုင်ငံ အားလုံးအနေဖြင့်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်း အနေဖြင့်ဖြစ်စေ၊ အရေးကြီးနှင့်ဦးစားပေးဖြေရှင်းရမည့် လူဦးရေနှင့် ဆက်နွှယ်ပတ်သက်နေသည့် အကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထားဆောင်ရွက်လာစေရန် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပနေခြင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့လူဦးရေနေ့အဖြစ် နှစ်စဉ်ကျင်းပသည့် အခမ်းအနားများကိုလည်း နိုင်ငံအလိုက် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲ၊ ဖြစ်ပွားသည့်ပြဿနာအကြောင်းအရာများအပေါ် အခြေခံ၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် ဖြေရှင်းဆောင်ရွက်သင့်သည့် နည်းပေးလမ်းပြ အချက်အလက်များကို ထင်ရှားပေါ်လွင်အောင် မီးမောင်းထိုးပြလိုသည့် အချက်များကို ဆောင်ပုဒ်များအဖြစ် သတ်မှတ်ဖော်ပြ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

လက်ရှိလူသားများ၏ ရှင်သန်ကြီးပွားရေး၊ မွေးဖွားလာမည့်လူသားများအတွက် သက်ရှည်ကျန်းမာရေးအတွက် ဆောင်ရွက်နိုင်ရေးမှာ လူဦးရေစာရင်းများ တိကျစွာသိရှိမှုသာဖြစ်မည်။ ထို့ကြောင့် လူဦးရေဆိုင်ရာ အိမ်ထောင်စုစာရင်းများ ကောက်ယူခြင်း၊ အသက်အရွယ်အပိုင်းအခြားအရ အလုပ်လုပ်ကိုင်နိုင်သူ လုပ်သားစွမ်းရည်နှင့် အသက်အရွယ်အိုမင်းသူ မှီခိုသူများကို စောင့်ရှောက်နိုင်ရေးအတွက် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များသည် အရေးကြီးလှသည်။

နိုင်ငံတစ်ဝန်းပြည်သူအားလုံး ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာကောက်ယူနိုင်ခဲ့သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိနိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ လူဦးရေအခြေအနေ၊ လူနေမှုဘဝဆိုင်ရာအချက်အလက်များကို အခြေခံဖော်ထုတ်အသုံးပြုကာ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို မှန်ကန်ထိရောက်စွာ ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်က တိုက်တွန်းနှိုးဆော် အသိပေးထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေအချက်အလက်များသည် မြန်မာ့အနာဂတ်အတွက် မရှိမဖြစ် အဓိကကျအရေးပါနေကြောင်း မီးမောင်းထိုးပြခြင်းဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်ကို တည်ဆောက်စို့ဟုသတ်မှတ်ထားရာ ယနေ့ပြောင်းလဲနေသည့် မြန်မာ့လူဦးရေအခြေအနေများကြောင့် ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပုံဖော်ကာ မြန်မာ့အနာဂတ်လှပဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေး လမ်းညွှန်ပြသအသိပေးချက်တစ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြို့မ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၀**

ကျောက်ဆည်မြို့ မြို့မ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှုနိုင်မြင့်တင်ရေး ကိုရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက မြို့မအခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အထက်တန်းပြ ဆရာမ ဒေါ်ခင်အေးမြင့်နှင့် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဘက်စုံထူးချွန်သည့် လူကောင်း၊ လူတော်များဖြစ်လာစေရန် လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ မြို့မအခြေခံပညာအထက်တန်းကျောင်းမှ Grade-9 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ဘုန်းပြည့်ဖြိုး၊ မောင်ရဲမင်းသန့်၊ မောင်ထူးဝေအောင်၊ မသဲသဲချစ်၊ မနုယဉ်သန့်တို့က "လူငယ်နှင့်ကိုယ်ကျင့်တရား"၊ "လူငယ်နှင့်စာရိတ္တ" "လူငယ်နှင့်စည်းကမ်း"၊ "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်ရိုသေလေးစားမှု" ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

စကားဝိုင်းအပြီးတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသည့် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခြင်းစသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သက်မောင်**

**(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခြင်း၊ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တိုင်းရင်းဆေးကုသခြင်း၌ အကျိုးကျေးဇူးများပြားစေရန် ရည်ရွယ်ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသပေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၁၀ နာရီက ဘလဲ့ဘကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဝိုင်းမေက ကျောင်းသား၊ ကျောင်းသူများအား အာဟာရနှင့် ဘေးကင်းစိတ်ချရသော အစားအစာများကို စားသုံးသင့်ကြောင်း၊ အသင့်စားအစားအစာများသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိပါကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဝိုင်းမေနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အခြားရောဂါလက္ခဏာများကို ကျောင်းသား ၂၀ ဦး၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၄၅ ဦးတို့အား ကွင်းဆင်း၍ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှ (၁၀) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင် မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ရာသီအလိုက်စိုက်ပျိုးထုတ်လုပ်ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် နှစ်စဉ် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနက တာဝန်ရှိသူထံမှ သိရသည်။

(၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာတွင် ဘက်စုံခြံမှထွက်ရှိသော ချဉ်ပေါင်ရွက် အစည်း ၁၀၀၊ ခရမ်းသီး ၅၅ ထုပ်၊ ကန်စွန်းရွက် အစည်း ၁၅၀၊ ဖရုံညွန့် ၁၇၅ စည်း၊ ငှက်ပျောသီး ၁၄ ဖီးတို့ကို ဈေးနှင့်သားသတ်ဌာနရှိ ဝန်ထမ်း ၇၁ ဦး၊ အခွန်ဌာနရှိ ဝန်ထမ်း ၉၆ ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အခမဲ့ ထောက်ပံ့ပေးအပ်ကြရာ ဌာနများမှတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

**(အောက်ပုံ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရှေ့ဖုံးမှ

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမဏ္ဍိုင်တစ်ခုဖြစ်ပြီး ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုပြီး အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ အပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခက်အခဲ အကျပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အဓိက လုပ်ငန်းစဉ် (၈) ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် ၂ နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင်အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါမဟာဗျူဟာစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေး၏ အဓိကအပိုင်းကဏ္ဍ ၄ ရပ် တို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်းများသာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သဖြင့် ပြန်လည်သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် တည်ဆောက်သွားရန် လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ" ဆိုသည့် ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုံးသပ်အကြံပြုဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်)သို့ တက်ရောက်ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် (၁၆)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ ၅၀ မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်တွန် အယ်လ်လီခါနော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် "ရုရှား-အင်ဒိုနီးရှား စက်မှုလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ"သို့ နိုင်ငံတကာမှတက်ရောက်လာသည့် ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ယီကာကျင်ရင်ဘတ်မြို့ စကိုကိုဗာအင်နိုဗေးရှင်းစင်တာခန်းမ၌ စကိုကို ဗိုတက်ခ်နိုပက်ခ် (Skolkovo Technopark) ၏ ဒါရိုက်တာဖြစ်သူ မစ္စ အော်လ်ဂါ စလိုမင်းစကာယာ (Olga Slominskaya)နှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယီကာကျင်ရင်ဘတ်မြို့၌ Tyazhpromexport (TPE) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဆဗျဲလော့ဗ်ပြည်နယ်အစိုးရအဖွဲ့ ပြည်ပစီးပွားရေးရာဝန်ကြီး မစ္စတာ ဗရာချီးဆလာ့ဗ်ရာရင်နှင့်လည်းကောင်း၊ ဆဗျဲလော့ဗ်ပြည်နယ် Entrepreneurship Support Fund မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ Sistema Joint Stock Financial Cooperation မှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး Skolkovo ပြခန်း၌ ရုရှားနိုင်ငံ၏ MSME များ ဆောင်ရွက်နေမှုနှင့် ရုရှားနိုင်ငံ Yekaterinburg မြို့ရှိ Uralhimmash စက်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့သို့ ရောက်ရှိပြီး Tyazhpromexport (TPE) ကုမ္ပဏီ၌ TPE, MISIS & Stalproket နှင့်တွေ့ဆုံဆွေးနွေးကာ မော်စကိုမြို့အနီးရှိ Skolkovo Technopark ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ မွန်းလွဲပိုင်းတွင် မော်စကိုလေဆိပ်မှ ထွက်ခွာလာရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သစ်တောဦးစီးဌာနက သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သစ်တောဦးစီးဌာနက နိုင်ငံတော်၏ ရက်(၁၀၀) စီမံချက်ကာလအဖြစ် သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ယနေ့နံနက်ပိုင်းက နန်းတော်ရှေ့၊ ဒေါနဘွားရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥပုသ်တော်ရပ်ကွက်ရှိ လူငယ်သင်တန်းကျောင်းတို့တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇင်ဝင်းထွန်းက သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် လည်းကောင်း၊ တောအုပ်ကြီး ဦးမင်းမင်းသန့်က တရားမဝင်သစ်လျှော့နည်းပပျောက်ရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှုမပြုရေး ခေါင်းစဉ်များဖြင့် လည်းကောင်း၊ တောအုပ် ဦးကျော်ဆန်းဝင်းက ရေချွေတာသုံးစွဲရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် လည်းကောင်း အသီးသီးအသိပညာပေးဟောပြောပို့ချရာ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း ၂၃၉ ဦး တက်ရောက်ကြသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း၌ ကံ့ကော်၊ ခရေ၊ မယ်ဇယ်၊ တပေဘူတ စသည့် ၅၃ ပင်ကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ယမန်နေ့ကလည်း ဘုန်းတော်တိုးရပ်ကွက်ရှိ အ·ထ·က(ခွဲ) ၁၇ ကျောင်းတွင် အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ပြီး ကျောင်းဝင်းအတွင်း ခရေ၊ တမာ၊ မယ်ဇယ်၊ တပေဘူတ၊ တရုတ်တတယ်၊ ပိတောက်၊ ယင်းမာစသည့် သစ်မျိုး ခုနစ်မျိုး၊ အပင် ၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၂၀ ကျော်အား ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးချိန် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသူ ကျောင်းသားများအား အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုလို International Leadership College (ILC) မှ ဘွဲ့ကြို၊ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ တက်ရောက်နေသော ကျောင်းသူ ကျောင်းသားများ ပါဝင်သည့် ပညာတတ်လူငယ်များ ဦးဆောင်၍ မိမိတို့ပြည်သူ့လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လွှတ်တော်အနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒနယ်အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ ရပ်ရွာ၊ ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ယုံကြည်အားကိုးစွာဖြင့် ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရှိနေသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေအပေါ်မူတည်ပြီး လွှတ်တော်နှစ်ရပ်စနစ် (bicameral) နှင့် လွှတ်တော်တစ်ရပ်စနစ် (unicameral) ဟူ၍ ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကိုအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ ရွေးကောက်ပွဲဥပဒေနှင့်အညီ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားလွှတ်တော်တို့ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရသည့် ပြည်ထောင်စုလွှတ်တော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း လွှတ်တော်တစ်ရပ်စီ ရှိကြပါကြောင်း။

လွှတ်တော်၏အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေ၏အကာအကွယ်အောက်တွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူများ၏လိုလားချက်၊ ဆန္ဒများကို ရုပ်လုံးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောမဏ္ဍိုင်များနှင့် အချင်းချင်း အပြန်အလှန်ထိန်းညှိပေါင်းစပ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ထိုသို့ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများသည် လွှတ်တော်ငယ်များအဖြစ်လည်းကောင်း၊ ထောက်တိုင်များအဖြစ်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါကြောင်း၊ ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် လွှတ်တော်တွင် ပညာရေးမြှင့်တင်မှုကော်မတီတစ်ရပ်ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ အဓိကရည်မှန်းချက်များ ပညာရေးကဏ္ဍမြင့်မားစေရန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သို့လာရောက်လေ့လာကြသည့် ကျောင်းသူ ကျောင်းသားများအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကို ယုံကြည်အားကိုးကြစေလိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ အနာဂတ်ခရီးခိုင်မာစေရေးအတွက် လွှတ်တော်နှင့် ယုံယုံကြည်ကြည် လက်တွဲဆောင်ရွက်ကြဖို့လည်း လွှတ်တော်က အမြဲတမ်းတံခါးဖွင့် ဖိတ်ခေါ်ပါကြောင်း၊ နောင်တွင် လွှတ်တော်၌ "လူငယ်စကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများ၊ Open Parliament ပုံစံများ" ပြုလုပ်မည့် အစီအစဉ်များလည်း ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque၊ ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC က အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (International Humanitarian Law-IHL) အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဂျီနီဗာ ကွန်ဗင်းရှင်းအပေါ် မြန်မာဘာသာပြန်ဆိုချက် ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆိုင်ရာ IHL အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ကျင်းပနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

❊ ရှေ့ဖုံးမှ

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

❒ ရှေ့ဖုံးမှ

Omphalopagus Type) ကို အောင်မြင်စွာ ခွဲစိတ် မွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါကလေးငယ်များသည် လမစေ့မီမွေးဖွားပြီး ရင်ချင်းဆက်အမြွှာ ကလေးများဖြစ်သဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မွေးကင်းစကလေး အထူးကြပ်မတ်ဌာန၌ ထားရှိကာ လိုအပ်သောကုသမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

ဇူလိုင် ၈ ရက်တွင် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း)-ရန်ကုန်သို့ လွှဲပြောင်းကာ မွေးကင်းစအထူးကြပ်မတ်ကုသဌာန၌ ဆက်လက်၍ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပြီး အဆိုပါ ရင်ချင်းဆက်အမြွှာ ကလေးများအား လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ရန်နှင့် ခွဲစိတ်ကုသမှု (Separation Surgery) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဦးဆောင်၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ပါဝင်သော ဆေးကုသရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကုသမှုများဆက်လက်ဆောင်ရွက်ပေးလျက် ရှိကာ ကလေးများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၁၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ နန်းမြင့်မျှော်စင်နှင့် တိုင်းရင်းသားရိုးရာအိမ်များ ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ မူလရိုးရာပုံစံမပျက် ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုအဖွဲ့နှင့်တွေ့ဆုံပြီး ရိုးရာဝတ်စုံများ မူလရိုးရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပြည်ဝင်ဗီဇာ ကိစ္စရပ်များ အဆင်ပြေစွာ ဆောင်ရွက်နေမှု၊ တရုတ်လုပ်ငန်းရှင်များ အပါအဝင် တရုတ်နိုင်ငံသားများ အနေဖြင့် ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာမှုနှင့် ဝန်ကြီးဌာနအနေဖြင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသနေပြည်သူများ နယ်စပ်ဂိတ်များမှတစ်ဆင့် တရားဝင်အပြန်အလှန် ဝင်ထွက်သွားလာမှု၊ မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်၍ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဥပဒေနှင့်အညီရှာဖွေဖော်ထုတ်အရေးယူ ဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စများ အဆင်ပြေစေရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကူမဲမြို့အနီးရှိ ယုဇနတံတားအသစ်တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ယုဇနတံတား အသစ် တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ဖြတ်သန်းသွားလာစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ၊ ယာတွင် Master Plan အတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို လျာထားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တံတားကြီးပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေနှင့် တံတားအသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စုအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ ယာတွင် ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ဖျောက်ဆိပ်ပင်၊ မဟော်ဂနီပင်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းနှင့် မယ်ဇယ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)တွင် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၀

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)တွင် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိ သီရိရတနာခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြား၍ ကာယအလှမယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒဿနိကဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး)ဒေါက်တာ ဝါဝါဝင်းက အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ဘာသာစကားဌာန အသီးသီးမှ ကာယအလှမယ် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီးနောက် ဆုရရှိသူများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀

# ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၁/၂၀၂၆)သင်တန်းဆင်း

ရှာင် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဆိုင်က ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။ (အောက်ပုံ)

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး ဇူလိုင် ၁ ရက်မှစ၍ ၇ ရက်အထိ တစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(၃၃၈)

*-*-*-*-*-*-*



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။(ယာပုံ)

အစည်းအဝေးတွင် တရားရုံးများ အဂတိကင်းစင်ရေးညွှန်းကိန်းများ သတ်မှတ်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ စားသုံးသူရေးရာ ကာကွယ်ရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပေးရေး၊ ရေဘေးလွတ်ရာသို့ ကျေးရွာပြောင်းရွှေ့ပေးနိုင်ရေး၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရေး၊ ငါးဖမ်းစက်လှေများ၏ ကမ်းနီးဝင်ရောက်ငါးဖမ်းမှုကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူပေးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ၌ အဂတိလိုက်စားခြင်းများကို တားမြစ်ရန် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်တွင်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူမည်သူ့ကိုမဆို ကင်းလွတ်ခွင့်ပေးထားခြင်းမရှိကြောင်း။

မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည့်အပြင် တစ်ဖက်တွင်လည်း တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန်မသင့်၍ လွှဲပြောင်းပေးသည့် တိုင်စာများ၊ နိုင်ငံတော်သမ္မတရုံးက လွှဲပြောင်းပေးပို့သည့် တိုင်စာများ၊ မိမိတို့ဌာနသို့ တိုက်ရိုက်တိုင်ကြားသည့် တိုင်စာများအပေါ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုများရှိကြောင်း အခြေအမြစ်ရှိပါက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဌာနဆိုင်ရာ ပြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် အချက်အလက်များကိုလည်း တရားရုံးနှစ်စဉ်အစီရင်ခံစာများတွင် ပွင့်လင်းမြင်သာစွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အဖြစ် မှတ်သားထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့်



လွတ်လပ်သော တိုင်ကြားစာယန္တရားများအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်-နောင်စန့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ်-နောင်စန့်-ဟွေဆိုင်း-ညောင်ပင်သာ-ဈေးကုန်း(နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းစိတ်-နောင်စန့်-ဟွေဆိုင်း - ညောင်ပင်သာ - ဈေးကုန်း(နောင်ဘို) ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ ကိုးမိုင်တွင် ရှစ်မိုင်မှာ ကျောက်ခင်းပြီးဖြစ်၍ ကျောက်ခင်းရန်ကျန်ရှိသည့် မိုင်းစိတ်နှင့် နောင်စန့်လမ်းပိုင်း မြေသားလမ်းတစ်မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

အဆိုပါမြေလမ်း တစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်လမ်း ရှစ်မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **စားသုံးသူရေးရာကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့်ဈေးနှုန်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား စားသုံးသူအခွင့်အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်များ အနက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်တို့ ပါဝင်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်များအပြင် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို အကာအကွယ်ပေးထားပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များ၏ တာဝန်များကို သိရှိလိုက်နာစေရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် အသိပညာပေးဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် ဈေးနှုန်းအပါအဝင် အရည်အသွေးများနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးအရာရှိများကို တာဝန်ပေးအပ်ထားပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင် ဈေးနှုန်းနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသဖြင့် စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့် ဈေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုနှင့် ကြို့ပင်ကောက်မြို့နယ်ချင်းဆက်လမ်းအား ဂဝံခင်းခြင်းနှင့် လမ်းပခုံးချဲ့ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ငါးကျီး-အင်းပွားကြီး-ရွာသာယာလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး မြေသားလမ်းအရှည် သုံးမိုင်အား မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၅၂၈ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ သွားလာရေး အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှု လိုအပ်ချက်၊ ရွေးချယ်မှုအပေါ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဂဝံ တစ်မိုင်ခင်းခြင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟေဝန်လမ်းမကြီးမှ ဂေါ်ရင်ဂျီကုန်းကျေးရွာသို့ ဆက်သွယ်သောလမ်းအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီးမြို့နယ် ဖလုံ - ဂေါ်ရင်ဂျီကုန်းလမ်း တစ်မိုင်အား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၁၂၁၂ ဒသမ ၆၄ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစဉ်သည့်အတိုင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှနှင့် အုတ်ဖိုမြို့နယ်ဆက်သွယ်သည့် လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့၊ ဗိုလ်တန်းလမ်းမှ အုန်းနဲ့ချောင်းကျေးရွာအကျော် ကွန်ကရစ်လမ်းအထိအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့သို့ ဆက်သွယ်သည့် လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအရှည် ၃ မိုင် ၂ ဖာလုံကျော်ရှိပါကြောင်း။

အဆိုပါလမ်းအရှည် ၁ မိုင် ၄ ဒသမ ၂၇ ဖာလုံသည် ယခုအခါ ပျက်စီးလျက်ရှိပြီး ၁၂ ပေအကျယ်၊ ခုနစ်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၄၂၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သွားလာမှုအဆင်ပြေစေရန် ဘီးလမ်းနှစ်ခုကြား မြေနီခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးများပြုပြင်ခြင်းနှင့် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ မြို့လုလင်-ဆူးတပ်ကြီး - မိုးကောင်းကျေးရွာချင်းဆက်လမ်း လေးမိုင်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက လာမည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြို့သစ်မြို့နယ်၊ မြို့လုလင်-ဆူးတပ်ကြီး-မိုးကောင်း ကျေးရွာချင်းဆက်လမ်းသည် မြေနီလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါမြေနီလမ်းအရှည် လေးမိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် သန်း ၁၃၀၀ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၃၅၄၄ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား သွားလာမှုချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၁၃၃ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေအား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ် အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ်၊ သာယာစုကျေးရွာအား ရေဘေးလွတ်နိုင်မည့် သင့်တော်သောမြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် လူထုခန်းမများပါဝင်သည့် မြေဧရိယာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသည် ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ပေါင်းလောင်းမြစ်အရှေ့ဘက်တွင်ရှိပြီး ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပါကြောင်း။

သာယာစုကျေးရွာ ရွှေ့ပြောင်းနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ပျဉ်းမနားခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှဦးဆောင်၍ ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ သာယာစုကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာနေပြည်သူများနှင့်

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

တွေ့ဆုံညှိနှိုင်းခဲ့ရာ ကျေးရွာနေပြည်သူများက ပထမဦးစားပေးမြေနေရာဖြစ်သော မြေလွတ်၊ မြေရိုင်းဧက ၃၆ နေရာသို့သာ ပြောင်းရွှေ့လိုကြောင်း၊ ၎င်းနေရာသည် မြေလွတ်၊ မြေရိုင်းစိုက်ပျိုးလုပ်ပိုင်ခွင့်လျှောက်ထားသူ ၁၂ ဦး လက်ရှိစိုက်ပျိုးလျက်ရှိသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ တောင်သူ ၁၂ ဦးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကျေးရွာပြောင်းရွှေ့နိုင်ရေးနှင့် ကျေးရွာပြောင်းရွှေ့စဉ် ကုန်ကျစရိတ်များအား နိုင်ငံတော်အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြထားရှိပြီး ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါက ရေရှည် ၃ နှစ်စီမံကိန်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ ကျော်အား သက်ဆိုင်ရာဌာနမှ စွန့်လွှတ်ကာ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝမ်းတွင်းမြို့နယ် ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ သည် ရန်ပုံငွေခွင့်ပြုသုံးစွဲခွင့်ရသည့်အချိန်တွင် မြို့နယ်ဦးစီးမှူးရုံးနေရာအား တောင်သူများ ဝင်ထွက်သွားလာရလွယ်ကူသည့် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ မြို့မစိုက်ပျိုးရေးပညာပေးစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ်ရှိခြင်း၊ တောင်သူများအား လက်တွေ့ပညာပေးပြသနိုင်ရန် မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန် စီစဉ်ထားရှိခြင်း၊ ထို့ပြင် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်းရိတ်သိမ်းနိုင်သည့် နည်းပညာသုံးစိုက်ခင်းပြုလုပ်ကာ စက်ဖြင့်ဝါရိတ်သိမ်းနိုင်ရေး ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေပါသဖြင့် ဝါလုပ်ငန်းမြေနေရာ (မြို့မစိုက်ပျိုးရေးပညာပေးစခန်း) ဧက ၂၀ ကျော်အား စွန့်လွှတ်ရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်မဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေများသည် ကမ်းနီးတွင် လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့တားဆီးဆောင်ရွက်မည်ကိုအသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (VMSကိရိယာ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) VMS Control Center အပါအဝင် ခြောက်နေရာ၊ တပ်မတော်(ရေ)မှ VMS Center ရှစ်နေရာ၊ ရေကြောင်းရဲတပ်ဖွဲ့မှ VMS Center နှစ်နေရာနှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ VMS Center နှစ်နေရာ၊ စုစုပေါင်း ၁၈ နေရာမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းနီး၊ ကမ်းဝေးငါးလုပ်ငန်းရေပြင် သတ်မှတ်မျဉ်းအား GIS Coordinate Points 70 မှ 80 အထိ သတ်မှတ်ထားပြီး ကျွန်းများအား ကမ်းနီးရေပြင်အတွင်း ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ကမ်းဝေးရာသီပိတ်ကာလအဖြစ် ဧပြီ၊ မေနှင့် ဇွန်လတွင် သတ်မှတ်ထားရှိပါကြောင်း၊ ကမ်းဝေးငါးဖမ်းရာသီဖွင့်ကာလများဖြစ်သည့် ဇူလိုင်မှ မတ်လကာလများအထိ ဘုတ်ပြင်းမြို့နယ်တွင် အလယ်မန်ကျွန်း၏ အနောက်ဘက်၊ အောင်ဘာလေကျွန်းအနီး၊ ပါဝယ်ကျွန်းအနီး၊ သဃ်န်းကျွန်းအနီး၊ လငန်းကျွန်းအနီး၊ ကော့ရဲကြီးကျွန်းအနောက်ဘက်၊ လန်ပိကျွန်းအနီး၊ ကော့ရဲငယ်ကျွန်းနှင့် ဆင်ကျွန်းအကြား စသည့်နေရာများတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ်တွင် မင်းကြီးကျွန်း၊ ကျားကြီးအော်၊ ဒုံးပုလဲအော်၊ သမီးလှကျွန်း စသည့်နေရာများတွင်လည်းကောင်း တရားမဝင် ကမ်းနီးဝင်ရောက်ငါးဖမ်းဆီးမှုများ အဓိကဖြစ်ပေါ်လျက်ရှိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်/စည်းကမ်းပျက် ငါးဖမ်း/ငါးသယ်ရေယာဉ်များအား အရေးယူဆောင်ရွက်ရာတွင် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားအကြံပြုချက်များရယူပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ယခင်ချမှတ်ခဲ့သော ပြစ်ဒဏ်ထက် ပိုမိုထိရောက်သော ပြစ်ဒဏ်သတ်မှတ်ချက်များကို ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင်မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အသစ်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **ကူမဲမြို့-ရန်ကုန်-မန္တလေးလမ်းမှ ကင်းတားဆည်သို့ဆက်သွယ်ထားသော ကတ္တရာလမ်းကြီး ပျက်စီးနေ၍ ထပ်ပိုးခင်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကူမဲမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးမှ ကင်းတားဆည်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးသည် ရန်ကုန်- မန္တလေး လမ်းဟောင်းပေါ်ရှိ ကူမဲမြို့အနီးမှ ကင်းတားဘက်စုံရေလှောင်တမံသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အရှည် ၂၁ မိုင်၊ အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အနီးပတ်ဝန်းကျင် ကျောက်တောင်များမှ မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကျောက်ထုတ်လုပ်သယ်ပို့ခြင်း၊ ဂဝံမြေများ သယ်ပို့ခြင်း၊ ချောင်းရိုးများမှ သဲထုတ်လုပ်သယ်ပို့ခြင်းလုပ်ငန်းများ အသုံးပြုခြင်းကြောင့် ကတ္တရာများပေါက်ပြဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကူမဲမြို့မှ ကင်းတားရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးတွင် ပြုပြင်ရန်လိုအပ်သည့် ခြောက်မိုင် ခုနစ်ဖာလုံကို လမ်းမျက်နှာပြင်အကျယ် ၁၈ ပေဖြင့် ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှဒေါက်တာအောင်ကြီး၏ **မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ၂၀၂၆-၂၀၃၀ အရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအမံအဖြစ် တိရစ္ဆာန်ကာကွယ်ဆေးများထုတ်လုပ်ခြင်း၊ ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးမြှင့်မွေးမြူရေး ထုတ်ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများရေးဆွဲထားရှိခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်လမ်းညွှန်ချက်များ ပြုစုခြင်းနှင့် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊ ကျေးရွာအခြေပြုတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာရန်အားပေးဆောင်ရွက်ခြင်း၊ စားကျက်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖော်ထုတ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများ ဒေသမျိုးရင်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များကို မွေးမြူရေးစံပြကွက်များ တည်ထောင်ပြသခြင်း၊ နို့စားနွားမွေးမြူရေးအတွက် လိုအပ်သောအကူအညီများကိုတောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလားတူ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် စားသုံးမှုအား ချိန်ညှိနိုင်ရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားလာစေရေး၊ တိရစ္ဆာန်များ၏ အသား၊ နို့၊ ဥ ထုတ်လုပ်နိုင်စွမ်းမြင့်မားစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်အား ဗဟိုပြုပြီး ဆက်စပ် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ သိုး၊ ဆိတ်၊ အသားတိုးဝက်၊ ဥစားကြက်၊ ဒေသကြက် တိုးချဲ့မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ်မွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာန၏ အရင်းမပျောက် မတည်ငွေဖြင့် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးပြီး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများအတွက် မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင် ကြည့်ရှုရန် -

# နီပေါ-မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

နီပေါ-မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ခန္ဓာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယနေ့အခမ်းအနားတွင် ပြည်သူ့ဘဏ္ဍာစစ်ဆေးရေး စီမံခန့်ခွဲမှုစနစ် (Public Audit Management System)နှင့် စပ်လျဉ်းပြီး နီပေါနိုင်ငံ စာရင်းစစ်ချုပ်ရုံး၏ လက်တွေ့အသုံးပြုဆောင်ရွက်နေမှုများကို မျှဝေသွားမည်ဟု သိရပါကြောင်း၊ မိမိတို့ရုံးအနေဖြင့်လည်း နည်းပညာအသုံးပြု၍ စာရင်းစစ်လုပ်ငန်းများတွင် အသုံးချနိုင်မည့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နီပေါနိုင်ငံ စာရင်းစစ်ချုပ်၏ နီပေါနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် Public Audit Management System အသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ Video Message ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာဂီမီရေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် နီပေါနိုင်ငံ ICT ကျွမ်းကျင်ပညာရှင်မှ Public Audit Management System နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းစစ်ဆေးမှု အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၀

ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

လာမည့်စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ




နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်နွယ်နွယ်ဦး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း အမျိုးသားအားကစား အဆင့်အတန်းမြှင့်တင်ရေး၊ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၂၀x၉၀x၃၆)ပေ အတိုင်းအတာရှိသော (က)အဆင့် အားကစားရုံတည်ဆောက်ပေးရန်၊ ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေမည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်နှင့် မြို့နယ်တင်းနစ်ကွင်းဘေးပတ်ပတ်လည်ကို ခြံစည်းရိုးအုတ်တံတိုင်း ကာရံပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သာပေါင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြု ခြောက်ဦး၊ ခန့်ထား ခြောက်ဦးရှိပြီး ဝန်ထမ်းအိမ်ရာမရရှိသော ဝန်ထမ်းများအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း လစဉ်နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည်ဆိုပါကလည်း လုံလောက်သည့်မြေနေရာ ရှိပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားရုံ (အလျား ပေ ၁၂၀ ၊ အနံ ပေ ၉၀) တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅၉၂ သန်း၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ (အလျား ပေ ၈၀ ၊ အနံ ၄၅ ပေ) တည်ဆောက်ရန်အတွက် ငွေကျပ် ၄၃၂ သန်း၊ တင်းနစ်အားကစားကွင်း ပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ် ၅၆ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း ၃၀၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားရုံ ဆောက်လုပ်ခြင်း၊ တင်းနစ်အားကစားကွင်းပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် သန်း ၃၀၈၀ အား နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်သည် ၂၀၂၃ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် ခုနစ်ဆောင် စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိနေပါသဖြင့် အလျင်အမြန်ပြုပြင်ပေးရန် လိုအပ်နေပါသောကြောင့် အစိုးရအနေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင် ရှိပါကြောင်း၊ အကြမ်းဖက်များ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ကျောင်းဆောင် ခုနစ်ဆောင်အနက် နဝဒေးဆောင် (စာကြည့်တိုက်)၊ သိပ္ပံဆောင်၊ မြဝတီဆောင်၊ ရွှေရတုဆောင်၊ မိုးနတ်ရှင်ဆောင်တို့မှာ ငွေကျပ်သန်း ၂၀ အောက် အသေးစားပြင်ဆင်ရန်လိုအပ်ပြီး လက်ဝဲသုန္ဒရဆောင်အား ငွေကျပ်သန်း ၂၀ အထက် အကြီးစားပြုပြင်ရန်နှင့် မန်လည်ဆောင်မှာ လုံးဝပျက်စီးသွားသဖြင့် ဖျက်သိမ်းပြီး အဆိုပါနေရာတွင် အသစ်ဆောက်လုပ်ရန် လိုအပ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အသေးစားပြင်ဆင်ရန်လိုအပ်သော ကျောင်းဆောင် ငါးဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြီးစားပြင်ဆင်ရမည့် လက်ဝဲသုန္ဒရဆောင်နှင့် ဖျက်သိမ်းဆောက်လုပ်ရမည့် မန်လည်ဆောင်အစား ပေ(၁၄၀ x ၃၀) RCC နှစ်ထပ် အသစ်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x၂၄) ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x ၂၄) ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀ x ၃၀ x ၁၂)ပေ RCC တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်တို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးတွင် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးတွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ စာကြည့်တိုက်များအသစ် ဆောက်လုပ်ခြင်းလုပ်ငန်း လေးခု၊ စုစုပေါင်းလုပ်ငန်း ကိုးခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၈၃၀ ပါဝင်ပါကြောင်း။

ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်ဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေ ၄၈၅ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimediaခန်း၊ သိပ္ပံခန်းနှင့် ထပ်မံတိုးတက်လာမည့် စာသင်ခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှု ရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပေ ၉၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ (ပေ ၃၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC တစ်ထပ်၊ စုစုပေါင်း ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသားဦးရေ ၄၁၉ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်း အချိုးအရ လိုအပ်သော စာသင်ခန်းနှစ်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းသွေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၇၅ ပေ x ပေ ၃၀)အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ ခန်းရှိပြီး တစ်ထပ်ဆောင် နှစ်ဆောင်၊ (ပေ ၆၀ x ပေ ၃၀) RCC တစ်ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC တစ်ထပ်၊ စုစုပေါင်းကျောင်းဆောင် လေးဆောင် စာသင်ခန်း ကျောင်းသားဦးရေ ၃၄၆ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၂၀ x ပေ ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက** ပြည်သူတိုင်းသည် မိမိတို့၏ ဝန်ထမ်းရာထူးအဆင့်အလိုက်၊ စီးပွားရေးပမာဏ အကြီးအငယ်အလိုက် သင့်တင့်မျှတသောအခွန်များကို မဖြစ်မနေ ပေးဆောင်ရမည့် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ ပေးဆောင်လာသည့် အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်သည် နိုင်ငံတော်၏ ဘဏ္ဍာအင်အားဖြစ်ပြီး အခွန်များ မှန်မှန်ကန်ကန်ရရှိပါက ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်များ မှန်မှန်ကန်ကန် ကောက်ခံရရှိနိုင်ရေးအတွက် အဂတိကင်းရှင်းရန် လိုအပ်ပါကြောင်း။

အဂတိတရားတိုက်ဖျက်ရေးသည် ပြစ်ဒဏ်ပေးရုံဖြင့် မလုံလောက်ဘဲ ကာကွယ်ရေး၊ ပညာပေးရေး၊ နည်းပညာအသုံးချရေးနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ အဂတိတရား လျော့နည်းလာသည်နှင့် အမျှ အခွန်ငွေတိုးတက်လာပြီး နိုင်ငံတော်ဘဏ္ဍာငွေသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အမှန်တကယ် သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုပါက အဂတိကင်းစွာ ဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် အခွန်နှင့်အဂတိကို ထိရောက်သော အစီအမံများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်းက** နိုင်ငံသားများ အခွန်တိမ်းရှောင်ခြင်းသည် ပေးဆောင်ရသည့်အခွန်နှုန်းထားများ ပမာဏများနေသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့်အခွန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့် နှုန်းထားဖြင့်ကောက်ခံပြီး ပေးဆောင်သင့်သည့် အခွန်နှုန်းထားအကြောင်း ပညာပေးစည်းရုံးမှုများလုပ်ဆောင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေသည် သိသိသာသာ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့်မူဝါဒများ၊ စနစ်များ၏ လစ်ဟာကွက်များကို ပြုပြင်မည်ဆိုပါက အဂတိလိုက်စားမှုများကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် E-Government စနစ်ကို အရှိန်မြှင့်တည်ဆောက်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ E-Government စနစ် ပီပီပြင်ပြင်ကျင့်သုံးလာနိုင်မည်ဆိုပါက နိုင်ငံတော်ရန်ပုံငွေများသည်လည်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားပြီး အဂတိကင်းစင်သော အစိုးရယန္တရားတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားမျိုးနှင့် အခွန်အခြေခံချဲ့ထွင်ပြီး ကောက်ခံခြင်း၊ အခွန်ထမ်းပြည်သူများကို နားလည်သဘောပေါက်လာအောင် ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေများ သိသိသာသာတိုးမြှင့်ရရှိပြီး အဂတိလိုက်စားမှုများ သိသိသာသာ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်ဇင်ထွန်းက** လက်ရှိမြန်မာနိုင်ငံတွင် စည်းကြပ်ကောက်ခံလျက်ရှိသော ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုတို့အပေါ် ကောက်ခံသောအခွန်များသည် အဂတိသက်ရောက်မှုကို အထူးခံစားရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဏ္ဍများအပေါ် Large Taxpayer office (LTO) များ ထူထောင်ခြင်း၊ ဒီဂျစ်တယ်အခွန်စနစ်များ အသုံးပြုခြင်း၊ အခွန်အခြေခံ(Tax Base)ကိုချဲ့ထွင်၍ အလွတ်သဘောစီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်း၊ အစိုးရဌာနများအကြား အချက်အလက်ချိတ်ဆက်မှုနှင့် One Stop Service စနစ်များကို အကောင်အထည်ဖော်ခြင်း၊ အဂတိတိုက်ဖျက်ရေး၊ ပြည်သူ့ဝန်ဆောင်မှု ပွင့်လင်းမြင်သာရေးနှင့် လွတ်လပ်သော စောင့်ကြည့်ကြီးကြပ်ရေး ယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ပါက အခွန်များ ပိုမိုရရှိလာပြီး အဂတိများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

အခွန်ကောက်ခံမှုကို အဂတိကင်းစင်စွာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တရားမျှတစွာယှဉ်ပြိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ်စစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ ကောက်ခံရရှိသော အခွန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ အပြည့်အဝစီးဝင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေးတွင်လည်း ဘတ်ဂျက်သုံးစွဲမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် အစိုးရဌာနများတွင် အဂတိကင်းစင်ရေးအဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၈) ဦးတင်မောင်ဝင်း** က နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာငွေသည် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ထိုဘဏ္ဍာငွေရှာဖွေပေးသည့် မဏ္ဍိုင်သည် အခွန်စနစ်ဖြစ်ပြီး ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို ယိုဖိတ်မှုမရှိအောင် ကာကွယ်ပေးသည့် မဏ္ဍိုင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပင် ဖြစ်ပါကြောင်း၊ ထိုမဏ္ဍိုင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး နိုင်ငံတော်၏ အနာဂတ်အတွက် ယခုအဆိုသည် အလွန်ထိရောက်သည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်တွက်ချက်ခြင်း၊ တင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်း လုပ်ငန်းစဉ်အားလုံးကို Online မှ ဆောင်ရွက်ပြီး အခွန်ဆောင်နိုင်အောင် Digital Tax System ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း။

အစိုးရဌာနတစ်ခုချင်းစီ၏ ဝန်ဆောင်မှုများသည် Standard Operating Procedure (SOP) ဟုခေါ်သည့် စံလုပ်ထုံးလုပ်နည်းများကို တိတိကျကျ သတ်မှတ်ပြီး ပြည်သူများမြင်သာသည့် နေရာများ၊ Website များတွင် ချပြထားရန် အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အခွန်စနစ် သန့်ရှင်းခိုင်မာပြီး အစိုးရယန္တရား အဂတိကင်းစင်မှသာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာအောင် ပြင်ဆင်ခြင်းနှင့် ထိရောက်သော အစီအမံများ ချမှတ်ခြင်းတို့ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်** က နိုင်ငံရေးအရ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှုနှင့် အစိုးရ တစ်ရပ်၏ တရားဝင်မှုအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ စီးပွားရေးအမြင်အရ အခွန်သည် ကောက်ခံခြင်းတစ်ခုတည်း မဟုတ်ဘဲ နိုင်ငံ၏စီးပွားရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တရားမျှတမှုနှင့် ပြည်သူဘဝ အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေသော အရေးပါသည့်စီးပွားရေးမူဝါဒ ကိရိယာဖြစ်ပါကြောင်း၊ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်စနေဥစ္စာ တိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လူမှုရေးအမြင်အရ အခွန်သည် ငွေကောက်ခံခြင်းမျှသာ မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားကို လူမှုရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အခွန်ကို မျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ပါက လူမှုဖူလုံရေး၊ လူမှုတရားမျှတရေးနှင့် ရေရှည်တိုးတက်ရေးတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားစိတ်ဓာတ်နှင့် လူမှုတာဝန်ယူမှုကို မြှင့်တင်ပေးသည်ဟု သုံးသပ်ရပါကြောင်း။

စည်းရုံးရေးအမြင်အရ အခွန်ကို မျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုပါက ပြည်သူများအကြား ယုံကြည်မှုတိုးပွားလာပြီး လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစေပါကြောင်း၊ ပြည်သူများ အခွန်၏အရေးပါမှုကို နားလည်စေပြီး ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက်အခွန်ပေးဆောင်လာစေရန်အသိပညာပေးခြင်း၊ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းပါဝင်မှု မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်စနစ်သည် ဒီဂျစ်တယ်နည်းပညာ အချက်အလက် အခြေပြုစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အသုံးပြု၍ ပိုမိုထိရောက်လာစေရန် တိုးတက်ပြောင်းလဲသင့်ပြီဟု ရှုမြင်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ယခုအဆိုသည် ကာလ၊ ဒေသ၊ ပယောဂကို လိုက်နာ၍ အမှန်တကယ် ဆောင်ရွက်သင့်ပါကြောင်းနှင့် အကျိုးတရားတစ်ခု ဖြစ်ထွန်းရန်အတွက် အကြောင်းတရားပေါင်းများစွာ ပေါင်းစည်းရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁)ဦးဇော်ဇော်မြင့်** က နိုင်ငံအလိုက် အခွန်စနစ်များအတွင်း နည်းမျိုးစုံဖြင့် အခွန်ရှောင်တိမ်းမှုများ၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်နေသည့်အတွက် ဒီဂျစ်တယ်စနစ်အား အပြည့်အဝ အသုံးချခြင်းနှင့် Fully Digitalized နှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်း (Control & Monitoring) စနစ်တို့သည့် အရေးပါလာပြီး ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါကြောင်း၊ ယခုအစိုးရသစ် လက်ထက်တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး E-Government System အကောင်အထည်ဖော်မည့် အလားအလာများ မြင်တွေ့နေရသဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ အခွန်တိုးမြှင့်ရရှိရေးနှင့် အခွန်ပြည့်ဝစွာ ရရှိရေးအတွက် လူကိုထိန်းကျောင်းနိုင်မည့် စနစ်ကောင်း ရွေးချယ်ကျင့်သုံးရာ၌ AI Software အခြေပြု Digital Online စနစ်သည်သာ အကောင်းဆုံးဖြစ်နေသည့်အတွက် ၎င်းစနစ်ကို ကျင့်သုံးနိုင်ရန် အခြေခံသည့် လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် အင်တာနက်လိုင်းကောင်းမွန်ရေးတို့ဖြစ်ပါကြောင်း။

လက်ရှိကာလတွင် တိုင်းဒေသကြီး၊ပြည်နယ်များရှိ မြို့တော်များ၊ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ စီးပွားကုန်သွယ်မှု မြင့်မားသည့်မြို့များနှင့် စက်မှုဇုန်များအပေါ် လျှပ်စစ်နှင့် အင်တာနက်လိုင်းကိုဦးစားပေး၍ Digital Online အခွန်စနစ်အား တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရလဒ်ကောင်းများ မလွဲမသွေ ရရှိခံစားကြရမည်ကို ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃)ဒေါ်ကျော့ယဉ်ဝင်း** က နိုင်ငံ၏ အခွန်ရငွေ လျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မှတ်ပုံတင်မထားသော စီးပွားရေးလုပ်ငန်းများ (Informal Economy) များပြားနေခြင်း၊ အခွန်ရှောင်လွှဲခြင်း၊ အဂတိလိုက်စားမှု၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်း၊ ဒီဂျစ်တယ်အခွန်စနစ် အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှု၊ အသိပညာပေးမှုနှင့် အခွန်ထမ်းများ၏ အသိပညာ၊ အခွန်ပေးလိုစိတ် နည်းပါးခြင်းနှင့် မှောင်ခိုကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်စနစ်ကို ခေတ်မီအောင် ပြုပြင်ခြင်း၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း၊ ဥပဒေစိုးမိုးမှု အားကောင်းစေခြင်းနှင့် ပြည်သူများအား အခွန်လိုက်နာမှု မြှင့်တင်ခြင်းတို့သည် နိုင်ငံတော်၏ဘဏ္ဍာရေး တည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒဦးတည်ချက်များ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများ အခွန်ကို မိမိဆန္ဒအလျောက် လိုလိုလားလား ပေးဆောင်လာစေရန် အတင်းအကျပ်ကောက်ခံခြင်းထက် အခွန်ဆိုင်ရာ ယုံကြည်မှုကို တည်ဆောက်ပေးရန် အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် အခွန်နှင့် ပတ်သက်၍ စည်းရုံးဆောင်ရွက်ရာတွင် အခွန်၏ အကျိုးကျေးဇူးများကို အသိပညာပေးရန် လိုအပ်ပါကြောင်း၊ အခွန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်သည်ကို ရှင်းလင်းဖော်ပြသင့်ပါကြောင်း၊ ကျောင်းပညာရေးတွင် ကျောင်းသားကျောင်းသူများကို နိုင်ငံသားတာဝန်နှင့် အခွန်ပေးဆောင်မှု၏ အရေးပါမှုကို သင်ကြားပေးရန်၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်းခြင်းတို့လည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်သူများကို အခွန်ပေးဆောင်စေရန် အပြစ်ပေးခြင်းထက် ယုံကြည်မှု တည်ဆောက်ခြင်း၊ အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခွန်ပေးဆောင်ရ လွယ်ကူစေခြင်းတို့သည် ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းများဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်သူများက ၎င်းတို့ပေးဆောင်သည့် အခွန်သည် ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အသုံးပြုနေသည်ဟု ယုံကြည်လာချိန်တွင် အခွန်လိုက်နာမှု (Tax Compliance) သည် သဘာဝအတိုင်း မြင့်တက်လာမည် ဖြစ်ပါကြောင်း၊ "အခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကိုတည်ဆောက်စို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ အခွန်အားလုံးပေးဆောင်စို့" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်း အခွန်နှင့်ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများကို လိုက်နာဆောင်ရွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀)ဒေါက်တာခိုင်ခိုင်ဆု** က အခွန်ကောက်ခံမှုသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုသာမဟုတ်ဘဲ အုပ်ချုပ်မှုစနစ်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှု အခြေခံအချက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဆိုင်ရာကိရိယာ (political instrument) တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် လက်ရှိအခွန်အမျိုးအစား ပုံစံအမျိုးမျိုးကို လျှော့ချပြီး အဓိကအခွန်အမျိုးအစားများခြုံ၍ ပေါင်းစည်းသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခွန်ကင်းလွတ်ခွင့်ရသူများကို အနည်းဆုံးအထိ လျှော့ချပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန် ဆောင်ရွက်၍ စနစ်ရှုပ်ထွေးမှု၊ ဥပဒေကွက်လပ်များနှင့် မသမာသော အကျိုးအမြတ်ရှာဖွေမှုများကို ဖယ်ရှားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် အခွန်ထမ်းအားလုံးအတွက် အီလက်ထရွန်နစ်စနစ်ဖြင့် အခွန်တင်သွင်းခြင်းနှင့် ဒီဂျစ်တယ်ငွေပေးချေမှုများကို မဖြစ်မနေ ဆောင်ရွက်စေသင့်ပါကြောင်း၊ ငွေသားဖြင့် ငွေပေးချေမှုများကို ဖယ်ရှား၍ ပြည်သူနှင့် အစိုးရဝန်ထမ်း တိုက်ရိုက်ထိတွေ့ရသည့် အခွင့်အလမ်းများကို လျှော့ချကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အခြေခံအဆောက်အအုံကို ခေတ်မီအောင် အမြန်ဆုံး ပြန်လည်တည်ဆောက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(ACC)အား အဂတိလိုက်စားမှုအမှုများကို အခြားအဖွဲ့အစည်း၏ လွှဲပြောင်းမှုမလိုဘဲ တိုက်ရိုက် လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်သော အခွင့်အာဏာကို နိုင်ငံတော်မှပေးအပ်ရန် လိုအပ်သကဲ့သို့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

အခွန်စနစ်ကို ရိုးရှင်းအောင် ပြုပြင်ခြင်း၊ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အားကောင်းစေခြင်း၊ Corruption Prevention Unit များကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လစာစနစ်ကို ပြုပြင်ပြောင်းလဲခြင်းနှင့် အခွန်ဝင်ငွေကို ပြည်သူ့ရေးရာ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ အခွန်ရရှိမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ ဆန္ဒနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည့် ၁၆ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံပိုင် ကြည့်ရှုရန် -**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေချိုသယံဇာတ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ယမန်နေ့ နံနက်ပိုင်းက ညောင်ပင်လှကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်း၌ ရေချိုသယံဇာတအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသူရမောင်မောင်က ရေချိုသယံဇာတ ခေါင်းစဉ်ဖြင့် ရေ၏အရေးပါပုံ၊ မြေအောက် ရေရှားပါးလာမှုကို ဖြစ်စေသည့် အကြောင်းအရာများ၊ ရေသယံဇာတအပေါ်သက်ရောက်လာသည့် ရာသီဥတုအကြောင်း၊ ရေအရည်အသွေး ပျက်စီးလာမှု၏ အကျိုးဆက်များ၊ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် ဆောင်ရွက်ချက်များနှင့် ရေသယံဇာတဆိုင်ရာ အကြောင်းကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၉၅ ဦးအား အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**နောင်နောင်(ဗိုဿနိုးမြေ)**



# မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် အသိအမှတ်ပြုလွှာ ဆက်ကပ်ပွဲ အခမ်းအနားကျင်းပ









**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် အသိအမှတ်ပြုလွှာ ဆက်ကပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရွှေအင်းဝ ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဓမ္မသမိဒ္ဓိကျောင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီးအဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ မြတောင်ကျောင်းတိုက်မဟာနာယက သာယာဝင်း ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရာဘိဝံသနှင့် ပင့်သံဃာဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူး၊ အောင်မြေသာစံခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး "နမောတဿ"(၃)ကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒကထာနာယူခံယူကြပြီးနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီးက သင်တန်းဆင်း သံဃာတော်များအား သာရဏီယဩဝါဒကထာများ ချီးမြှင့်တော်မူခဲ့သည်။

၎င်းနောက် လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်မြတ်ကို နာယူကြည်ညို၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော်အမှူးပြုပြီး နာယကဆရာတော်ကြီးများ၊ နည်းပြဆရာတော်ကြီးများနှင့် အထူးအောင်သံဃာတော်များအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီး၊ နိုင်ငံတော်ဩဝါဒါစရိယ မြတောင်တိုက်ဆရာတော်ကြီးနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီးတို့က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအမှတ်စဉ်(၁၉)သင်တန်း၌ သင်တန်းဆင်းသံဃာတော်(၆၀)ပါးအား သင်တန်းဆင်းအောင်လက်မှတ် အသိအမှတ်ပြုလွှာများ ဆက်ကပ်ခဲ့ကြပြီးနောက် ရေစက်ချတရားနာယူကြည်ညို၍ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" (၃)ကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း၊ ဘုရားအမှူးပြုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော်ကြီး၊ နာယကဆရာတော်ကြီးများ၊ နည်းပြဆရာတော်ကြီးများနှင့်သင်တန်းဆင်းသံဃာတော်များ စုစုပေါင်းအပါး(၈၄)ပါးတို့အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## Ai နည်းပညာလက်တွေ့အသုံးချသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်နှင့် နိုင်ငံခြားကုန်သွယ်မှုအတွက် အဓိကကျသည့် ကျွမ်းကျင်ကွာဟချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး(DHCC)တို့ ပူးပေါင်း၍ အထက်မြန်မာပြည်နည်းပညာသင်တန်းများကို ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစုပါစင်တာ (၄)လွှာ (MRCCI)ရုံး စုဝေးခန်းမတွင် ဇူလိုင် ၇ ရက်မှ စတင်၍ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည့် Ai နည်းပညာလက်တွေ့အသုံးချသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၇ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနား၌ Aiနည်းပညာလက်တွေ့အသုံးချသင်တန်းပို့ချပေးနိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)မှ ဒုတိယဥက္ကဋ္ဌ ဦးဇာနေစိုးနှင့်အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး(DHCC)တာဝန်ခံ Mr. Li Qi Gui နှင့်တက်ဟုန်းသက်မွေးနည်းပညာကောလိပ် ဒုတိယပါမောက္ခချုပ် Mr.Wang Wan Chun တို့က အမှာစကားများကိုလည်းကောင်း၊ သင်တန်းသားနှစ်ဦးက ကျေးဇူးတင်စကားများကိုလည်းကောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတို့အား သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်များ



ချီးမြှင့်ခဲ့ကြောင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်းနှင့် နည်းပညာသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**




## ကာမာဒါ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၁၀**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ကာမာဒါကို တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ် အရွယ်ရှိ ကာမာဒါက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမယ့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ယာပုံ) (NGB)



## နည်းပြ ဘင်နီတက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် စကော့တလန်အသင်း ဆွေးနွေး



**လန်ဒန် ဇူလိုင် ၁၀**

စကော့တလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဘင်နီတက်ဇ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက် (၆၆)နှစ် အရွယ်ရှိ နည်းပြ ဘင်နီတက်ဇ်သည် နည်းပြဘဝတစ်လျှောက်တွင် အဲဗာတန်၊ ဆဲလ်တာဗီဂို၊ နယူးကာဆယ်၊ ရီးရဲလ်မက်ဒရစ်၊ နာပိုလီ၊ အင်တာမီလန်၊ ဗလင်စီယာ၊ အိုဆာဆူနာ၊ ပါနာသီနာကို့စ်စသည့် ကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စကော့တလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နည်းပြ ဘင်နီတက်ဇ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် စကော့တလန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ ဘင်နီတက်ဇ်ကို စကော့တလန်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)



## လာဗိုဂျက်ဇ်ကို မာဆေးလ်အမျိုးသမီးအသင်း ခေါ်ယူ

**ပါရီ ဇူလိုင် ၁၀**

မာဆေးလ်အမျိုးသမီးအသင်းသည် ရီးရဲလ်ဆိုစီဒက်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား လာဗိုဂျက်ဇ်ကို ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မာဆေးလ်အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၂၀) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား လာဗိုဂျက်ဇ်သည် ကစားသမားဘဝတွင် အောင်မြင်မှုများစွာရရှိထားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မာဆေးလ်အမျိုးသမီး အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ လာဗိုဂျက်ဇ်က "ကျွန်မ မာဆေးလ်အမျိုးသမီးအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းမှ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ကယ်လမ်ဝီလ်ဆင်ကို ဘရန့်ဖို့ဒ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၀**

ဘရန့်ဖို့ဒ်အသင်းသည် ဝက်စ်ဟမ်းအသင်း တိုက်စစ်မှူး ကယ်လမ်ဝီလ်ဆင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၄)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ကယ်လမ်ဝီလ်ဆင်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)



## 2026 Wimbledon အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Karolina Muchova တက်ရောက်



**လန်ဒန် ဇူလိုင် ၁၀**

အင်္ဂလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ချက်တင်းနစ်မယ် Karolina Muchova တက်ရောက်ခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Karolina Muchova သည် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff ကို ၆-၂၊ ၁-၆၊ ၇-၆ ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ချက်တင်းနစ်မယ် Karolina Muchova နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Linda Noskova တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ရာဖေးလ်မားကွက်ဇ်ကို နည်းပြသစ်အဖြစ် မက္ကဆီကိုအသင်း ခန့်အပ်



**မက္ကစီကိုစီးတီး ဇူလိုင် ၁၀**

မက္ကဆီကို လက်ရွေးစင်အသင်းသည် အသင်းကစားသမားဟောင်းဖြစ်သူ ရာဖေးလ်မားကွက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မက္ကဆီကို လက်ရွေးစင်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ရာဖေးလ်မားကွက်ဇ်သည် ကစားသမားဘဝတွင် မက္ကဆီကို လက်ရွေးစင်အသင်းနှင့်အတူ ၁၉၉၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၄၇ ပွဲ ကစားကာ ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သလို၊ ၂၀၂၄ ခုနှစ်မှစတင်ကာ အသင်းလက်ထောက် နည်းပြတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ ရာဖေးလ်မားကွက်ဇ်က "ကျွန်တော့်ကို နည်းပြသစ်အဖြစ် ယုံကြည်စွာနဲ့ ခန့်အပ်ခဲ့တဲ့ အသင်း တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမယ့် ပြိုင်ပွဲတွေအတွက်လည်း ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ဂျက်စီဘီစီဂူကို ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ ဇူလိုင် ၁၀**

ဘာစီလိုနာအသင်းသည် ကလပ်ဘရုဂျက်အသင်း တောင်ပံကစားသမား ဂျက်စီဘီစီဂူကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ကလပ်ဘရုဂျက်အသင်းကလည်း ဂျက်စီဘီစီဂူအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာ အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကလပ်ဘရုဂျက်အသင်းမှ ဂျက်စီဘီစီဂူကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

## ပြင်သစ်အသင်းက မော်ရိုကိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၁၀**

၂၀၂၆ ကမ္ဘာ့ ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက မော်ရိုကိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ဘာပေနှင့် ပွဲချိန် ၆၆ မိနစ်တွင် ဒမ်ဘီလီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပြင်သစ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်မှ လက်ရှိအချိန်အထိ ပွဲတစ်ပွဲမှ ရှုံးနိမ့်ထားခြင်း မရှိသေးဘဲ ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ရေပန်းစားလျက်ရှိသည်။

(ယာပုံ) (NGB)



### ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁၂-၇-၂၀၂၆ နံနက် ၀၃း၃၀ နာရီ | နော်ဝေ - အင်္ဂလန် | နော်ဝေ ၀-၁ အင်္ဂလန် (၂၇-၃-၂၀၁၂ နိုင်ငံတကာခြေစမ်းပွဲစဉ်) |
| ၁၂-၇-၂၀၂၆ နံနက် ၀၇း၃၀ နာရီ | အာဂျင်တီးနား - ဆွစ်ဇာလန် | အာဂျင်တီးနား ၃-၁ ဆွစ်ဇာလန် (၁-၃-၂၀၁၂ နိုင်ငံတကာခြေစမ်းပွဲစဉ်) |

## (၃၇)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၃၇)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၉၅ စုအား တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၊ ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်နှင့် ဆပ်ပြာခရင် တစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## မန္တလေးရွှေနေအသင်း ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရွှေနေများ ကန်တော့ပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးရွှေနေအသင်းမှ ကြီးမှူး၍ ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ လှူဖွယ်ပစ္စည်းဆက်ကပ်ပွဲနှင့် သက်ကြီးရွှေနေများ ကန်တော့ပွဲကို ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းနှင့် ၆၈လမ်းထောင့်၊ မဟာဝိဇိတာရုံကျောင်းတိုက်၊ ဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

မန္တလေးရွှေနေအသင်း ကောဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို နံနက် ၈ နာရီတွင် ဆရာတော်၊ သံဃာတော် ၁၁ ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်ခြင်းနှင့် နံနက် ၉ နာရီတွင် သက်ကြီးရွှေနေများအား ကန်တော့ပွဲကျင်းပသွားမည်ဖြစ်သည်။

မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်အတွင်း နေထိုင်ကြသည့် အသက်(၇၅)နှစ်နှင့်အထက် ရွှေနေကြီးများအား ကန်တော့နိုင်ရန် ရွှေနေလိုင်စင်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ မန္တလေးရွှေနေအသင်းရုံးခန်း၊ တိုက်ခန်းအမှတ်(B-5)၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့သို့ သတင်းပို့အကြောင်းကြားပေးရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(၀၄၅)

## ရေဘေးအန္တရာယ်အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင်ပြည်သူများ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် သတိပြုရှောင်ကြဉ်ရမည့်အချက်များကို သိရှိစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယမန်နေ့နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များသို့သွားရောက်၍ အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ကာ အသံချဲ့စက်ဖြင့် ရေဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များကို အသိပေးနှိုးဆော်ပြီး ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

## စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဇူလိုင် ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် တုံလောကျေးရွာအုပ်စု၊ ဖက်ဟီကျေးရွာ၌ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

(အောက်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇင်သန့်၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ-နည်းပညာ ဦးအာကာဖြိုးခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ ခရိုင်ဦးစီးမှူးက လုပ်ငန်းကို ရည်ရွယ်ချက်အတိုင်း ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဖက်ဟီကျေးရွာ၌ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်ရက် ၁၀၀ စီမံချက်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၀ ဖြင့် စိမ့်စမ်းရေပိုက်သွယ်တန်းခြင်း အရှည် နှစ်မိုင်၊ အလျား ၁၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေ ရေတားတမံ တည်ဆောက်ခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေ၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊ သစ်ပင်ရုံမှ
သဏ္ဍာန်လှပ ပန်ရလိမ့် ။

## အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးလူထုလှုပ်ရှားမှု အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှကြီးမှူး၍ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေးကို ရည်ရွယ်သည့် လူထုလှုပ်ရှားမှုအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ချိုက ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာသူများအား အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးများကို ပိုမိုနားလည်သဘောပေါက်စေရန် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက အခွန်ဆိုင်ရာ သိကောင်းစရာလုပ်ငန်းများကို လာရောက်ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကိုကိုထွေးနှင့် ဦးဇော်ဝင်းသန့်၊ ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်မှုဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# ဝါဆိုလမြတ် ရောက်လာလတ်သော်

ဝါဆိုလသို့ပင် ရောက်လာခဲ့လေပြီ။

(မည်သည့်ခုနှစ်တွင်မဆို) ဝါဆိုလသို့ ရောက်လာပြီဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့သည် အထူးအမြတ်ထားကာ မမေ့နိုင်သော ဗုဒ္ဓဖြစ်စဉ်အကြောင်းအရာ သုံးခု ရှိပါသည်။ 'သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ' ဟူသည့် မြတ်ဗုဒ္ဓလောင်းလျာ အလောင်းတော်နတ်သားသည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ သန္ဓေယူသောနေ့၊ အလောင်းတော်သိဒ္ဓတ္ထမင်းသား နန်းစည်းစိမ်ကို စွန့်ကာ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီးနောက် နှစ်လအကြာတွင် ဗာရာဏသီပြည်၏ သားမျိုးအပေါင်း သက်ရှည်ကြောင်းအတွက် ဘေးမဲ့ပေးရာ ဣသိပတနခေါ် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့ကို အကြောင်းပြု၍ တရားဦးဓမ္မစကြာ ဟောတော်မူသောနေ့ဟူ၍ ဗုဒ္ဓဖြစ်တော်စဉ် သုံးခုကို အမှတ်တရထားကာ ဓမ္မစကြာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းများ၊ ဝါဆိုပန်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းများ၊ သံဃာတော်များကလည်း ဝါဆိုဝါကပ်တော်မူ၍ ဝါတွင်းကာလ တရားဓမ္မများ ကျင့်ပွားဆောက်တည်တော်မူကြပါသည်။

ယခုအခါ မြတ်ဗုဒ္ဓသာသနာ ၂၅၀၀ ကျော်လာသည့်တိုင်အောင် အမြဲမပြတ် ရွတ်ဖတ်ပူဇော်နေကြသည့် ဓမ္မစက္ကပဝတ္တနသုတ်နှင့် ပတ်သက်သည့်အကြောင်းကို ဦးတည်၍ လေ့လာမှတ်သားထားမိသလောက် ဝေမျှချင်ပါသည်။ ယနေ့သည် ယခုနှစ် ဝါဆိုလ၏ လပြည့်နှင့်နီးစွာသော တစ်ခုသော ညနေစောင်းဆည်းဆာအချိန် နေမင်းသူရိန်သည်လည်း ဝင်လုဆဲဆဲ။ လမင်းစန္ဒာသည်လည်း ထွက်ပြူလာကာစ။ ညဥ့်ယံသို့ကူးပြောင်းတော့မည်အချိန်။ အိပ်တန်းတက်ကြတော့မည့် ကျေးငှက်သာရကာတို့ ပျံဝဲကာ ဘာသာဘာဝ အော်မြည်ကြ၍ ချစ်စေးကျူးကာ ကြည်နူးစရာ ဆည်းဆာညနေ သာယာလှပနေသည့်အချိန်မျိုး၊ ရှေးယခင်ကလည်း ရှိခဲ့ဖူးသည်ကို မှန်းဆ၍တွေးနေမိသည်။

နောက်သို့ဆုတ်ကာ ရေတွက်ပါလျှင် လွန်လေပြီးသော နှစ်ပေါင်း ၂၆၀၀ ကျော်၊ ဘီစီအားဖြင့် ၅၈၈၊ မြတ်ဗုဒ္ဓပွင့်တော်မူပြီးကာစ ဝါဆိုလပြည့်နေ့၏ ညနေဆည်းဆာ။ တစ်နေ့တာ၏ တာဝန်ပြီးဆုံးတော့မည့် နေမင်းသူရိယနှင့် ပေါ်ထွက်ကာစ လမင်းသော်တာအလှတို့၊ ရွှေရည်ငွေခက်ရောင်စုံယှက်၍ သူနိုင်ကိုယ်နိုင် အလှချင်းပြိုင်နေကြသည့် မိဂဒါဝုန်တောရဂုံတွင် လှပမွှေးထုံ ပန်းမျိုးစုံတို့ကလည်း အားကုန်ပွင့်ဖူး အလှထူးနေကြသည့်အပြင် ကျေးငှက်စုံစွာ ညံစာစာနှင့် ချစ်တေးမြည်တမ်း ပင်ထက်နန်းမှာ အိပ်တန်းတက်ကြတော့မည့် အချိန်မျိုးမှာ၊ မိဂဒါဝုန်တောရဂုံ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွင်းထွက်ပေါ်လာသော အသံတော်တစ်ခု။

'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'

မြတ်ဗုဒ္ဓဘုရားရှင်၏ နူးညံ့ချိုသာသော အသံတော်ဖြင့် စကြဝဠာကို လွှမ်းခြုံကာ ဓမ္မစက်တို့ စတင်လှည့်ပတ်ခဲ့သော ရက်ထူးရက်မြတ်ကို ပြန်လည်ဆင်ခြင်နေမိပါသည်။ ထိုသည့် ရက်မြတ်ကို အကြောင်းပြု၍ ယခုအခါ ဝါဆိုလပြည့်နေ့များကို 'ဓမ္မစကြာအခါတော်နေ့'အဖြစ် ပူဇော်ပွဲများ ကျင်းပကြပါသည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် လောကသုံးပါး အထွတ်အထိပ်ထား ကိုးစားစရာ သဗ္ဗညုတအစစ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးဖြစ်၍ 'ဘုရားရတနာ' ပေါ်ထွန်းခဲ့ပြီးပါပြီ။ သဟမ္ပတိဗြဟ္မာ တောင်းပန်လျှောက်ထားသဖြင့် ဘုရားရှင်သည် သတ္တဝါအများ၏ အကျိုးစီးပွားအလို့ငှာ ကိုယ်တော်တိုင်သိရှိတော်မူထားပြီးသော တရားစစ်၊ တရားမှန် ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။ ထိုဓမ္မစက္ကပ္ပဝတ္တနသုတ်တော်သည် ရှေးဦးစွာပထမ ဟောကြားသည့် တရားဖြစ်သဖြင့် 'တရားရတနာ' ပေါ်ထွန်းလာသောနေ့လည်း ဖြစ်ပါသည်။ ထိုတရားတော်သည် 'ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ' ဆိုသော ပဉ္စဝဂ္ဂီငါးဦးကို အကြောင်းပြု၍ ဟောကြားတော်မူခြင်းဖြစ်သည်။ ထိုတရားတော်ကို နာယူမှတ်သားရသည့် ထိုပုဂ္ဂိုလ်များထဲမှ အရှင်ကောဏ္ဍညသည် ရှေးဦးစွာ 'သောတာပန်' ဖြစ်တော်မူသည့်အပြင် ငါးဦးစလုံးသည် ရဟန်းအဖြစ် ခံယူကြသဖြင့် 'သံဃာရတနာ' စတင်ပေါ်သောနေ့ လည်း ဖြစ်ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် လောက တွင် အမြတ်ဆုံးသော 'ရတနာသုံးပါး' အစုံအညီ ပေါ်ထွန်းသော နေ့ဟု ဆိုရပေမည်။

ထိုဓမ္မစကြာဒေသနာတော်သည် မြတ်စွာဘုရားရှင်၏ ရှေးဦးစွာ ပထမ ဟောကြားသည့် ဒေသနာတော်ဆို၍လည်း အထင်မသေးသင့်။ မဟောတတ်၊ ဟောတတ်၊ ဟောကြားသော တရားမဟုတ်။ အရှည်အသွေးထက်မြက်ကာ အဘက်ဘက်က ပြည့်စုံသည့်ဒေသနာတော်ဖြစ်သည်။ 'ပဗ္ဗဇိတေန' ရဟန်း၊ ဗြာဟ္မဏဖြစ်တော်မူကြသူတို့ ရှောင်ကြဉ်ရန် တောဘူမကတရားတည်းဟူသော ဆန္ဒရာဂ၊ ကိလေသာကာမတို့နှင့် ယှဉ်တွဲ၍ ချမ်းသာမှုအတုကို ချမ်းသာအစစ်ဟု ထင်မှတ်မှားကာ အဖန်တလဲလဲ ခံစားလိုသည့် 'ကာမသုခလ္လိကာနုယောဂ' လက်ဝဲစွန်း၊ မြတ်လှပြီဟု ထင်မှတ်ကာ ကာမဂုဏ်အာရုံတို့ မကပ်ငြိအောင်၊ ကိလေသာပယ်သတ်သယောင် ကျင့်နည်းမမှန်ကန်သော၊ ဆူးငြောင့်ကိုမှီ၍ အိပ်ရသလို မိမိကိုယ်ကိုယ် ပင်ပန်းဆင်းရဲအောင်လုပ်သည့် 'အတ္တကိလမထာနုယောဂ'လက်ယာစွန်း စသည့် လက်ဝဲ၊လက်ယာ အစွန်းနှစ်ပါး အယုတ်တရားများကို 'နသေဝိတဗ္ဗာ' မမှီဝဲပါနှင့်၊ မကပ်ငြိပါနှင့်၊ မကျင့်သုံးပါနှင့်ဟု ရဟန်း၊ ဗြာဟ္မဏတို့ သိသင့်သိထိုက်သောတရားကို ဟောမြွက်တော်မူပါသည်။

မြတ်စွာဘုရားရှင်သည် ထိုအကျင့်တရားနှစ်ပါးတွင် လက်ဝဲစွန်း 'ကာမသုခလ္လိကာနုယောဂ'အကျင့်ကို မြင့်မြတ်သော အကျင့်မဟုတ် ယုတ်ညံ့သောအကျင့်ဖြစ်ကြောင်း၊ ရဟန်းတရားမဟုတ် အိမ်ရာတည်ထောင် လူတို့ဘောင်၌နေသူတို့၏ အကျင့်သာဖြစ်ကြောင်း၊ ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်ကြောင်း၊ အရိယာသူတော်ကောင်းတို့၏ အကျင့်တရားမဟုတ်ကြောင်း၊ စီးပွားချမ်းသာခြင်း အစစ်အမှန်နိဗ္ဗာန်နှင့် ပတ်သက်စပ်ဆိုင်သော အကျင့်တရားမဟုတ်ကြောင်း အပြစ်ငါးမျိုးပြကာ မမှီဝဲ၊ မကပ်ငြိရန် ညွှန်ပြတော်မူပါသည်။

လက်ယာစွန်းဖြစ်သည့် 'အတ္တကိလမထာနုယောဂ'အကျင့်ကို ဗုဒ္ဓဘုရားရှင်က မိမိကိုယ်ကိုယ် ပင်ပန်းဆင်းရဲအောင်ပြုမှု တရားစစ်၊ တရားမှန်ကို ရမည်ဆိုသော အတွေးအမြင်နှင့် ဟီရိဩတ္တပ္ပကင်းစွာ ကိုယ်ထင်ရာ စမ်းတဝါးဝါးကျင့်ခြင်းသည် ဆူးငြောင့်ခလုတ်ကို မှီ၍ အိပ်ရသကဲ့သို့ ဆင်းရဲသောအကျင့်ဖြစ်ကြောင်း၊ အရိယာသူတော်စင်တို့ကျင့်ရမည့်တရားမဟုတ်ကြောင်း၊ နိဗ္ဗာန်ကဲ့သို့ စီးပွားချမ်းသာခြင်း၏ အကြောင်းနှင့်မစပ်ဆိုင်သော အကျင့်တရားသာဖြစ်ကြောင်း အပြစ်သုံးမျိုးပြဆိုကာ မမှီဝဲ၊ မကပ်ငြိရန် ညွှန်ပြတော်မူပါသည်။

ထို့နောက် ထိုအစွန်းတရားများကို မကပ်ငြိစေဘဲ အမှန်ကျင့်ဆောင်ရမည့် 'သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ' ဆိုသော ကောင်းမြတ်မှန်ကန်သော အယူရှိခြင်း၊ ကောင်းမြတ်မှန်ကန်သော အတွေးအကြံရှိခြင်း၊ ကောင်းမြတ်မှန်ကန်စွာ ပြောဆိုခြင်း၊ ကောင်းမြတ်မှန်ကန်စွာ လုပ်ဆောင်ခြင်း၊ ကောင်းမြတ်မှန်ကန်စွာ အသက်မွေးခြင်း၊ ကောင်းမြတ်မှန်ကန်စွာ အားထုတ်သည့် လုံ့လရှိခြင်း၊ ကောင်းသောသတိမြဲစွာရှိခြင်း၊ ကောင်းသောသတိတရား မပျက်ပြားဘဲ တည်ကြည်ခိုင်မာစေခြင်း စသည့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ရဟန်းဗြာဟ္မဏတို့ လိုက်နာကျင့်ဆောင်ရမည့် မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါတရားပါဟု 'တထာဂတေန' ငါဘုရားရှင်သည် 'စက္ခုကရဏီ' သစ္စာလေးပါးကို ထိုးထွင်း၍သိမြင်သော မျက်စိဖြင့်၊ 'ဉာဏကရဏီ'သစ္စာလေးပါးကို သိသောဉာဏ်ဖြင့်၊ 'အဘိသမ္ဗုဒ္ဓါ' ကောင်းစွာ သိတော်မူသည့်အကြောင်း ဝန်ခံဟောကြားတော်မူပါသည်။

ထိုသို့ မြတ်သောအကျင့်စခန်း မဂ္ဂင်လမ်းကို ညွှန်ပြပြီးနောက် ပင်ပန်းဆင်းရဲရခြင်း 'ဒုက္ခသစ္စာ'၊ ဆင်းရဲခြင်းကို ဖြစ်စေကြောင်း အမှန် ငြိတွယ်မှု 'သမုဒယသစ္စာ'၊ ဆင်းရဲပင်ပန်းမှုတို့မှ ငြိမ်းအေးရာ အမှန် 'နိရောဓသစ္စာ'၊ ဆင်းရဲမှုများ ချုပ်ငြိမ်းစေရန် ကျင့်ရာလမ်းကြောင်းအမှန် 'မဂ္ဂသစ္စာ'၊ ထိုသစ္စာတရားလေးပါး မြတ်တရားကို ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုကြသူများသည် 'သဿတဒိဋ္ဌိ' ဟူသော လက်ဝဲစွန်း၊ 'ဥစ္ဆေဒဒိဋ္ဌိ' ဟူသော လက်ယာစွန်းတို့၏ အကြား၊ မထိမစပ် အလယ်အလတ်ထား၍ မဇ္ဈိမပဋိပဒါဆိုသော အကျင့်တရားကို 'ဥပသမာယ' ကိလေသာငြိမ်းခြင်းဖြစ်သည့် သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ၊ 'အဘိညာယ'သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိရှိရန်အလို့ငှာ၊ 'သမ္ဗောဓာယ'သစ္စာလေးပါးကို ကောင်းစွာ သိခြင်းအလို့ငှာ၊ 'နိဗ္ဗာနာယ' အေးမြချမ်းသာခြင်း အစစ်အမှန်ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်၏ အကျိုးငှာ ကျင့်ဆောင်အပ်ကြောင်း ဟောမိန့်ပါသည်။

ထို့နောက် မြတ်ဘုရားရှင်သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသည့်တို့၏ ဆင်းရဲပင်ပန်းရခြင်းအကြောင်း ဒုက္ခဖြစ်ရာ ခုနစ်ခုကို အရိယာတို့ သိအပ်သည့်သစ္စာမည်ကြောင်း၊ ပိုင်းခြား၍ သိအပ်ကြောင်း၊ သိအပ်သည့်တရား ဒုက္ခအစားစားကို အကုန်အစင် သိအပ်ကြောင်းကို ညွှန်ပြဟောကြားတော်မူပြီး သစ္စာလေးပါးလုံး ကို 'သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်'တို့ဖြင့် ခွဲခြား ပြတော်မူပါသည်။

ဤနေရာအထိသာ ဓမ္မစကြာတရားတော်၏ ဟောစဉ်တရားဖြစ်သည်။ နောက်ပိုင်းတရားတော်အရ ဆိုရလျှင် 'ဣမေသု စတုသု အရိယသစ္စေသု' သစ္စာလေးပါးမြတ်တရားကို 'သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်' ဆိုသော အပြန်အားဖြင့် သုံးပါး၊ 'ဒွါဒသကာရံ'အခြင်းအရာအားဖြင့် သုံးပါးလေးလီ တစ်ဆယ့်နှစ်ပါး စသည်တို့ကို 'ယထာဘူတံ' ဟုတ်တိုင်းမှန်စွာ မသိသေးသမျှ ကာလပတ်လုံး၊ ဤလောကတွင် သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု၊ 'နေဝ ပစ္စညာသိံ' ငါဝန်မခံ။ ယခုသစ္စာလေးပါး မြတ်တရားတို့ကို သဗ္ဗညုတဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီဖြစ်၍၊ လောကသုံးပါးတွင် ဗုဒ္ဓစင်စစ်ဧကန်ဖြစ်ပြီဟု 'ပစ္စညာသိံ' ငါဝန်ခံ၏ဟု၊ 'ပစ္စဝေက္ခဏာဉာဏ်'ဆင်ခြင်ကာ ဘုရားအဖြစ် ဝန်ခံသည့်အကြောင်း၊ တရားတော်ကို ပဉ္စဝဂ္ဂီငါးဦး နှစ်သက်ကြ၍ သာဓုခေါ်ကြသည့်အကြောင်း၊ ထိုသူတို့အထဲ အရှင်ကောဏ္ဍည သည် သစ္စာလေးပါး သိတော်မူသွား၍ 'ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ' ကင်းပြီး၊ အပါယ်ကျစေနိုင်သည့် 'ရာဂတရား'ပယ်ခွာသွားသဖြင့်၊ 'သောတာပန်'ဘဝရောက်ရှိသွားကြောင်း၊ နတ်ဗြဟ္မာတို့ကောင်းချီးပေးကြောင်း၊ သံဃာရတနာ ပေါ်ပေါက်လာပြီဟု မြတ်ဘုရားရှင် ဥဒါန်းကျူးကြောင်း၊ ဓမ္မစကြာဒေသနာတော်၏ တန်ခိုးတော်ကြောင့် စကြာဝဠာတိုက်တစ်သောင်း တုန်လှုပ်ကာ အရောင်အလင်းများ ဖြာထွက်လာကြောင်းတို့ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဝါဆိုလသည် အမြတ်ဆုံးသော ရတနာသုံးခု ပေါင်းစုမိသော လမို့ လထူးလမြတ်ဟု ခေါ်ဆိုအပ်ပေသည်။ ဝါဆိုလပြည့်ည၏ အဆုံးအမ ဒေသနာတော်များသည် ရဟန်း၊ ဗြာဟ္မဏ ဖြစ်တော်မူကြသည့် သူများအတွက် 'ရှောင်ရှားရန်၊ အစွန်းတရားနှစ်ပါး'၊ လိုက်နာလျှောက်လှမ်းရန် 'မဇ္ဈိမပဋိပဒါလမ်း' ထိုးထွင်း၊ သိမြင်နိုင်ရန် 'သစ္စာလေးပါး'၊ ကျင့်ဆောင်ပွားများရန် 'မဂ္ဂင်ရှစ်ပါး'တို့ကို ဦးစွာပထမ ညွှန်ပြသော တရားတော်များသာ ဖြစ်ပါသည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားတော်မူသည့် ဒေသနာတော်ကို လိုက်နာကျင့်သုံး၍ 'ရှောင်ရှားသူ၊ ကျင့်ဆောင်သူ၊ သိမြင်သူ'တို့သည် ခရီးအသီးသီးပေါက်ခဲ့ကြပေပြီ။

အချုပ်ဆိုရသော် ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် လက်ဝဲ၊လက်ယာအစွန်းနှစ်ပါးကို မကပ်ငြိစေဘဲ ရှောင်ရှားကာ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ၊ အဖန်တလဲလဲ ဘဝသစ်မဖြစ်ရာ၊ နိဗ္ဗာနဓာတ် သုခ ချမ်းသာအစစ်ကို ရရှိခံစားနိုင်ရန်၊ 'ဘာဝိတာ ဗာဟုလီကတာ' ကျင့်ဆောင်ပွားများသင့်ကြောင်း၊ မြတ်ဗုဒ္ဓ၏ ရှေးဦးစွာဟောကြား ဓမ္မစက္ကတရားကိုလည်း ကြိမ်ဖန်များစွာ ရွတ်ပွားသရဇ္ဈာယ် ပူဇော်ကြစေလိုကြောင်း စေတနာကောင်းဖြင့် မေတ္တာရှေ့ထား ရေးသားလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# စာအုပ်ခင်းကျင်း

## ဖော်ညွှန်းသီ

စာအုပ်အမည် - ဆူးတထောင်ထောင်နဲ့ ဖြူကောင်ကို ဘယ်လိုဖက်ရမ့်ပါ့
စာရေးသူ - မောင်ရဲ (မြန်မာပြန်)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
စာမျက်နှာ - ၁၅၂ မျက်နှာ
တန်ဖိုး - ၇၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဌန်လ




ပေါင်းသင်းရခက်သူတွေကို မေတ္တာရှေ့ထား ဆက်ဆံသွားနိုင်ရေး လွယ်ကူသော နည်းလမ်းများ စာအုပ်ဖြစ်သည်။

စာအုပ်တွင် ပေါင်းသင်း ဆက်ဆံရခက်ခဲသည့် လူတစ်ဦး တစ်ယောက် အခြေအနေကို ဖြူ သတ္တဝါနှင့်နှိုင်းယှဉ်ကာ သုတေသနပြု ရေးသားထားသည်။ မူရင်းစာရေးသူမှာ စိတ်ပညာရှင် အမျိုးသမီး ဒေါက်တာ ဒက်ဘီဂျိုဖီအဲလစ်ဖြစ်ပြီး မေတ္တာစိတ်ထားကာ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေမည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။

စာအုပ်တွင် ဖော်ပြပါရှိသော နည်းလမ်းများကို အသုံးချပြီး လက်တွေ့လူများနှင့် ပေါင်းသင်းကြည့်ပါက ပေါင်းသင်းရခက်သူများနှင့် အံ့သြစွာ အပေါင်းအသင်းဖြစ်စေမည်မှာ သေချာကြောင်း နည်းလမ်းပြထားသည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

စာအုပ်အမည် - ဓနဥစ္စာဆီ သွားရာလမ်း
စာရေးသူ - စံမြတ်ကျော် (မြန်မာပြန်)
ထုတ်ဝေသည့်စာပေတိုက် - ဂျူတီစာပေ
စာမျက်နှာ - ၁၆၈ မျက်နှာ
တန်ဖိုး - ၆၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ

မူရင်းစာရေးဆရာ နပိုလီယံဟေးလ် ရေးသားသည့် အောင်မြင်မှုရှေ့ဆောင် ဒဿနများစာအုပ်ကို မြန်မာပြန်ဆိုထားသည့် စာအုပ်ဖြစ်သည်။

စာအုပ်တွင် အခန်း ၁၅ ခန်း ပါရှိပြီး လူတွေကို ကူညီခြင်းဖြင့် ပျော်ရွှင်မှုကို ရရှိခြင်း၊ ကိုယ်ပိုင်ဘဝ ခေါင်းဆောင်ဖြစ်လာဖို့၊ ခိုင်မာတဲ့ ဆုံးဖြတ်ချက်၊ အာရုံစူးစိုက်မှု နိယာမ၊ အချိန်ကို တိတိကျကျ စီမံဆောင်ရွက်၊ အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်ဆောင်၊ ရွှေရောင်စည်းမျဉ်း၊ ပရဟိတအလုပ်၊ စိတ်အား ထက်သန်မှု၊ ကံတရား၊ အတွင်းစိတ်စေ့ဆော်မှု၊ ယုံကြည်ချက် အရေးပါခြင်း၊ မိမိကိုယ်ကို ထိန်းကျောင်းနိုင်မှု၊ အောင်မြင်မှုဆီ သွားရာလမ်း စသည်တို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။




## စာအုပ်၊ စာပေ လူ့မိတ်ဆွေ။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## (၉၈)ကြိမ် ဝါဆိုခြင်းလုံးအလှူခတ်ပွဲ

* ကမ္ဘာမှာ မြန်မာလို့ ဝင့်ကြွား
နှစ်ပေါင်းများစွာ တည်တံ့ကာနေ
ဘိုးဘွားအမွေ ထိန်းသိမ်းကြစေ
တို့တွေလူပ်ရှား ခြင်းခတ်ကစား ။
* မုန်ဝါဆို ကြာညိုသင်္ကန်း
လှူဒါန်းရင်းပ ဂေါပကနှင့်
စဉ်ဆက်ကော်မတီ လျော်ညီလက်တွဲ
ကျင်းပနေမြဲ ဝါဆိုခြင်းအလှုပွဲ ။
* ရာပြည့်အကြို (၂)နှစ်အလို
ပိုမိုခတ်ကစား ရက်ပေါင်းလေးဆယ့်ငါး
ဆိုင်းကား "နဝရတ်" အများကြိုက်နှင့်
ခတ်ကြဦးမှာ အသင်းပေါင်း "ကိုးရာ" ။
* နဝရတ်လက်မှန် ရွှေဆိုင်းသံနှင့်
လုပ်တိုင်းအဟုတ်အော် သရုပ်ဖော်ရေ့
ခတ်ခြေတွေ့ကာ ပျော်မွေ့ကာနေ
သင့်မိတ်ဆွေအား မြင်တွေ့စေချင်
လာခဲ့လျှင်လည်း သင်ပါမလွဲ
အပျော်အရွှင် ကဲရပါမည့်
(၉၈) ကြိမ် ဝါဆိုခြင်းလုံး
အလှုခတ်ပွဲ ··· ။ ။

မန္တလေးဒူးပျံ

## တိုင်းရင်းသားရေးရာနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**မကွေး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ကျစ်စုံပွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တိုင်းရင်းသားရေးရာနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးထွန်းခင်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျစ်စုံပွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၆ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာကျော်စိုးနိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာပုံ၊ တိုင်းရင်းသားစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့်သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ တိုင်းရင်းသားအခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး၊ ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများနှင့် ကလေးသူငယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား အမှန်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျစ်စုံပွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ အားကစားပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)






## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော၊ ကျန်းမာရေးစစ်ဆေးဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက အမက-၇ မူလွန်၊ အမက-၈ မူလွန်၊ အမက-၆၊ အမက-၁၀ ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျောင်းကျန်းမာရေး ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ သွားနှင့်ခံတွင်းကျန်းမာရေးအတွက် နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်း၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါများအကြောင်းသိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အရပ်တိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အမြင်အာရုံကောင်းမွန်မှုရှိ၊ မရှိ၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သော ဆေးဝါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀-၀-၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၈၇-က)၊ ဧရိယာ(၀ ဒသမ ၅၀)ဧက အကျယ်အဝန်းရှိ ဦးကျော်ကျော်လွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်လွင်(ဘ)ဦးလော်ရှင်းကျက်(၁၃/လရန(နိုင်)၀၁၈၆၁၈)ထံမှ ကျွန်ုပ်တို့အမှုသည်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဖြူအောင်(LL.M)**
**စဉ်-၉၄၀၄**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ဦး အမည်ပေါက် ဂရန်မြေကွက်ထဲမှ တောင်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၂၀)အကျယ်အဝန်းရှိ ယင်းဂရန်မြေကွက်ပေါ်တွင် ရေတွင်း၊ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းနွယ်(ဘ)ဦးမောင်မောင်(၁/မညန(နိုင်)၀၃၁၅၀၇)ထံမှ ကျွန်ုပ်အမှုသည်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဖြူအောင်(LL.M)စဉ်-၉၄၀၄**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၅(ဘီ)လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၀)ဧက အကျယ်အဝန်းရှိ မြေကွက်၏ (တောင်ဘက်အစွန်းအခြမ်း၏ မြောက်ပိုင်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းပါဝင်သော မြေကွက်ကို ယခုလက်ရှိပိုင်ဆိုင်သူ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ (ထထ-၅၁/၃၈)နေ ဦးမင်းခန့်ကျော်(ဘ)ဦးမင်းမင်းစိုး(၉/ပကခ(နိုင်)၀၆၀၈၁၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းရွှေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၇၀၅၉)**
**မမ-၁၆၊ တိုက် ၈/၁၀၃၊ မြရည်နန္ဒာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**၀၉-၅၆၀၀၇၄၇၊ ၀၉-၇၆၄၈၄၉၈၄၁**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၀)ဦးပိုင်အမှတ်(၃)၊ မြေကွက်ပေါ်တွင် ဦးကိုကိုနိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၁၄၈၁၇၃) က SS-၁ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၁၂/၂)၊ မြေကွက်ပေါ်တွင် ဒေါ်အင်နန်း(ခ)ခင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပဥလ(နိုင်)၀၀၇၁၄၃)က SS-၁ထပ်(၃)လုံး အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၈၀၊ ၃၇လမ်းနှင့်၃၈လမ်းကြားနေ ဒေါ်ဝင့်သီရိဦး(ဘ)ဦးရန်ပိန်ယုန်(၉/မဟမ(နိုင်)၀၁၅၉၆၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

RUN RAT®

**'RUN RAT'**

**စာချုပ်အမှတ်-၉၀၁/ ၂၀၂၂**

အထက်ဖော်ပြပါ 'RUN RAT'အမည်အမှတ်တံဆိပ်များကို မန္တလေးမြို့တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၉၀၁/၂၀၂၂ အရ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့အမှုသည်မှ 'RUN RAT' အမည်အမှတ်တံဆိပ်များဖြင့် "အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် အတွင်းခံဘောင်းဘီ အမျိုးမျိုး၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်အမျိုးမျိုး၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် အဝတ်အထည်အမျိုးမျိုး" တို့အား ထုတ်လုပ်၊ ချုပ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို အထက်ပါလိပ်စာတွင် ရောင်းချလျက်ရှိပြီး အဆိုပါ ပစ္စည်းများကို ပလတ်စတစ်ဘူး၊ စက္ကူဘူးပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးအစရှိသည့် ပစ္စည်းအမျိုးမျိုးတို့ဖြင့် ထည့်သွင်းပြီး ဂျပ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ သေတ္တာ၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းများတွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ လမ်းညွှန်၊ ဗီနိုင်း၊ ကြော်ငြာ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ လိပ်စာကတ်၊ တံဆိပ်တုံးအစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ လူအများ နှစ်သက်စွာ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏အမှုသည်မှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ 'RUN RAT' အမည်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရှေ့နောက်ပြောင်း၍ဖြစ်စေ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဖြူအောင်(LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၈၀၊ ၃၇လမ်းနှင့်၃၈လမ်းကြားနေ ဦးစိုင်းစိုးညွန့်(ဘ)ဦးကျော်မြင့်(၁၃/တကန(နိုင်)၁၂၈၂၉၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

MHS Mandalay Sun Shine

**'Mandalay Sun Shine'**

**စာချုပ်အမှတ်-၈၇၀/ ၂၀၂၂**

အထက်ဖော်ပြပါ 'Mandalay Sun Shine' အမည်အမှတ်တံဆိပ်များကို မန္တလေးမြို့တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၈၇၀/၂၀၂၂ အရ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့အမှုသည်မှ 'Mandalay Sun Shine' အမည်အမှတ်တံဆိပ်များဖြင့် (အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ပါကေးကြမ်းခင်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ ကြွေပြားအမျိုးမျိုး၊ မျက်နှာကျက်အမျိုးမျိုး၊ နံရံကပ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို အထက်ပါလိပ်စာတွင် ရောင်းချလျက်ရှိပြီး အဆိုပါပစ္စည်းများကို ပလတ်စတစ်ဘူး၊ စက္ကူဘူးပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးအစရှိသည့် ပစ္စည်းအမျိုးမျိုးတို့ဖြင့် ထည့်သွင်းပြီး ဂျပ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူ ပတ်၊ သေတ္တာ၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများတွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ လမ်းညွှန်၊ ဗီနိုင်း၊ ကြော်ငြာ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ လိပ်စာကတ်၊ တံဆိပ်တုံးအစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏အမှုသည်မှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ 'Mandalay Sun Shine' အမည်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရှေ့နောက်ပြောင်း၍ ဖြစ်စေ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဖြူအောင်(LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၂)၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်ပေါ်တွင် ဒေါ်ဟွမ်ဝင်ဖျင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၁၂၆၇၃၃)က SS-၁ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ်(၁၄)ခဲစင်း၊ မြေကွက်ပေါ်တွင် ဦးအောင်မျိုးကျော်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဟပန(နိုင်)၀၀၉၉၆၄)က SS-(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၀

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ရှစ်ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံး အနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ရှစ်ထပ် အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၁ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ခြောက်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်းခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံ ဖျက်ဆီးပြီးပုံ။

# ဘီးလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းအချို့ ရေကြီးမှုဖြစ်ပွား

**ဘီးလင်း ဇူလိုင် ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းကာ ဘီးလင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ယနေ့နံနက်ပိုင်းမှ စတင်ကာ ကန်သာယာရပ်ကွက်(၇) အတွင်းရှိ မြေနိမ့်ပိုင်းအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမင်းတင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝသာန်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် တပ်မတော်သားမျာက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန်သာယာရပ်ကွက် (၇)မှ ရေဘေးသင့် အိမ်ထောင်စု ၂၅ စု လူဦးရေ ၁၇၁ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်းထားရှိရာ အားကစားခန်းမသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀



# ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းနှင့် ရှမ်းယူနိုက်တက်(ယူ-၂၀)အသင်း သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ MNL Youth League Week (8) ပြိုင်ပွဲအဖြစ်ရှမ်းလူငယ်အသင်းနှင့်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေလဒ်ထွက်ပေါ်ခဲ့သည်။

ပွဲစဉ်၏ အဖွင့်ဂိုးအား ရှမ်းလူငယ် အသင်းကရရှိခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် ကောင်းထက်မှ သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်လူငယ်အသင်းမှ သွင်းဂိုးရရှိရေး ပိုမိုကြိုးပမ်းခဲ့ကာ ပွဲချိန် ၅၀ မိနစ်တွင် အောင်မျိုးမင်းအား တစ်ဖက်နောက်တန်းမှ ပင်နယ်တီဧရိယာအတွင်း ဥပဒေကျူးလွန်ခဲ့သဖြင့် ပင်နယ်တီရရှိခဲ့သည်။ ရရှိလာသော ပင်နယ်တီအား ခွန်းချိုထူးမှ အဆုံးသတ်သွင်းယူပေးခဲ့သောကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ ထို့နောက်သွင်းဂိုးများထပ်မံမြင်တွေ့ခဲ့ရခြင်းမရှိဘဲ သရေရလဒ်ဖြင့်ပွဲပြီးဆုံးခဲ့ပါသည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် လက်ရှိတွင် ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ရရှိထားကာ လာမည့် ဇူလိုင် ၁၆ ရက်တွင် Galaxy အသင်းနှင့် ဗဟန်းမြက်ခင်းတုကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀

၀-၀-၀-၀-၀